# အောဘုန်းခေတ်

## ပန်းပျိုးသူရဲ့မော်အတတ်

# အခန်း(၁)

"မိဘရိပ်"ဆိုသည့် ကိုယ်ပိုင် အထက်တန်း ကျောင်းကြီးသည် ကြီးကျယ်ခမ်းနား လှသည် ။ နာမည်ကြီး ကိုယ်ပိုင် အထက်တန်းကျောင်း ဖြစ်၍ (၅)လွှာအထိ ကျောင်းသား လူဦးရေက များ ပြားလှသည် ။ ကျောင်းသားများ နှင့် ဆရာ၊ဆရာမ များ စာသင်သံများကလည်း ပတ်ဝန်းကျင်ကို ပျံ့နှံ့နေသည် ။

အောင်ထက်သည် (၅)လွှာရှိ ကျောင်းအုပ်ကြီး ရုံးခန်းရှေ့ ခြေစုံရပ်ကာ ရုံးခန်းထဲ ဝင်ရန် အားယူနေသည် ။ သည် ကျောင်း၌ ကျောင်းဆရာ လိုအပ်သောကြောင့် လာလျှောက်ခြင်း ဖြစ်သည် ။ ရင်ခုန်စိတ်လှုပ်ရှားနေသဖြင့် ညာဘက် မျက်လုံးကလည်း တဆတ်ဆတ်မှ ိတ်ပခုံးကလည်း တွန့်နေသည် ။

ပါးစပ်က ထွက်မြည်လာမည့် အသံကို ဘောလ်ပင်ကိုက်၍ ထိန်းချုပ်ရင်း စိတ်လျော့အောင် ကြိုးစားနေသည် ။ ထို့နောက် ကျောင်းရုံးခန်းထဲသို့ ယုံကြည်ချက်အပြည့် ချိုသာသော အပြုံးကလေးဖြင့် ဝင်သွားခဲ့သည် ။ ကျောင်းအုပ် ဆရာကြီးနှင့် ဆရာမ ၂ဦး၊ ဆရာ ၃ဦး တို့ က ဆရာအလုပ်ခန့်ရန် အလှည့်ကြ မေးမြန်းနေကြသည် ။

အောင်ထက်သည် သူတို့ နား ရောက်သည် နှင့် ရထားသည့်ဘွဲ့ လက်မှတ်ဖိုင်နှင့် တက်ရောက်ခဲ့သည့် သင်တန်း အောင်လက်မှတ်ကို ပေး

လိုက်သည် ။ အောင်ထက် သူတို့ နှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်သည် ။ ကျောင်းအုပ်ဆရာကြီးက အောင်ထက်၏ ဖိုင်ကိုကြည့်ပြီး အံ့အားသင့်မေးသည် ။

"စီးပွားရေး ဘွဲ့ရထားတာပဲ၊ ဒါနဲ့ ဆရာက ဒီအလုပ်ကို ဘာကြောင့် လာလျှောက်တာလဲ"

"ကျွန်တော်က ငယ်ငယ် ကတည်းက ကျောင်းဆရာ ဖြစ်ချင်ခဲ့တာ ။ အဖေက ကျောင်းအုပ် ဆရာကြီးတစ်ဦးပါ။ အဖေ့ကြောင့် ကျွန်တော် ဒီဘွဲ့ရခဲ့တာပါ ... ဂီးးးးးဂီး ..."

အောင်ထက် စကားပြောရင်း ညာဘက်မျက်လုံးက တဆတ်ဆတ်မှိတ်ပြီး ပခုံးလည်း တဆတ်ဆတ် တွန့်ကာ ပါးစပ်က အသံပါမြည်လာသည် ။ ဆရာမတစ်ယောက်က သိချင်စိတ်ဖြင့် အောင်ထက်၏ အပြုအမူနှင့် ပတ်သတ်ပြီး မေးသည် ။

"ဆရာက မျက်လုံးတစ်ဘက် မှိတ်တာ၊ ပခုံးတွန့်တာ ပါးစပ်က မြည်တ တာတွေက အမြဲ ဖြစ်နေကြလားရှင့်"

"ဟုတ်ပါတယ်။ ကျွန်တော်က အကြောဆွဲရောဂါ ခံစားနေရတာပါ။ မျက်လုံးမှိတ်ပြတာ၊ ပခုံးတွန့်တာ၊ ပါးစပ်က ဂီး ... ဂီး မြည်းသံတွေက ကျွန်တော့် မွေးရာပါ စတိုလ်တွေပါဗျာ"

အောင်ထက်သည် လို ဖြေခဲ့ရသည့် လူပေါင်း မနည်း၍ အပြုံးမပျက်ပေ။ လူများ ၏ ထင်မြင် ယူဆချက် တွေကိုလည်း ဂရုမစိုက် တတ်ပေ။

"အခုလို ပုံစံနဲ့ ကလေးတွေ စာသင်ရင်း ရယ်စရာ ဖြစ်မနေဘူးလား"

"ကျွန်တော် ခံယူထားတာကတော့ ကျောင်းနေပျော်၍ စာတော်ရမယ် လို့ ခံယူထားပါတယ်"

ကျောင်းအုပ် ဆရာကြီးက ဖိုင်တွဲတွေ သေချာ နောက်တစ်ခေါက် ထပ်ကြည့်လိုက်သည် ။ ထို့နောက် မဖြစ်နိုင်သည့် အကြည့်ဖြင့် အောင်ထက်ကို ကြည့်ကာ ဖိုင်တွဲကို ပြန်ပေး လိုက်သည် ။

"အလုပ်ခန့်ဖြစ် ရင်တော့ အကြောင်းကြား လိုက်ပါ့မယ် ..."

"ဆရာတို့ ဆရာမတို့ ကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်ကြောင့် အချိန်တွေ ကုန်စေပါတယ် ... ဂီး ... ဂီး"

အောင်ထက်သည် ဖိုင်တွဲကို ယူ၍ အထင်သေးသည့် မျက်ဝန်းတွေကို လှည့်အထွက် ကျောင်းအုပ်ဆရာက -

"ဆရာအနေနဲ့ စာမသင်ပဲ၊ အခြားအလုပ်ကို ပြောင်းလုပ်ပါလို့ အကြံပြုပါရစေ ..."

"ကျေးဇူးပါ ဆရာ။ ကျွန်တော် အခြားအလုပ်ကို ပြောင်းလုပ်ဖို့ စိတ်ကူး မရှိပါဘူး။ ဘာကြောင့်လဲဆိုရင် အနာဂတ် ကြယ်ကလေးတွေ တောက်ပဖို့ ကျွန်တော်လို့ လမ်းညွှန်ကောင်းတဲ့ ဆရာ လိုအပ်နေပါသေးတယ် ..."

ကျောင်းအုပ် ဆရာကြီးနှင့် ဆရာ၊ဆရာမများ သည် အောင်ထက်၏ စကားကြောင့် ဆွံ့အ အံ့သြသွားကြသည် ။ အောင်ထက်ကလည်း ပညာသားပါပါ စကားကို ကျွမ်းကျင်စွာ ပြောလိုက်သည့် အပြင် အပြုံးမပျက်ပဲ ကျောင်းရုံးခန်းထဲက ယုံကြည်ချက် အပြည့်ဖြင့် ထွက်လာခဲ့သည် ။

ကျောင်းစကြီ် တစ်လျှောက် အပြုံးနှင့် လျှောက်လာရင်း ကျောင်းသားတချို့က မျက်စိမှ ိတ်ပြ၊ ပခုံးတွန့်ပြ၊ အသံတူ လိုက်လုပ်ကြနှင့် လှောင်ရယ် ပျော်မြူး နေကြသည် ။ သို့သော် အောင်ထက် ဘဝအတွက် တွေ့ကြုံဖန် များ လာ၍ မျက်နှာမှာ ညိုရိပ်မရှိ၊ ခံစားချက်က ကင်းမဲ့နေ

သည် ။

အောင်ထက်သည် ကျောင်းမှာ ကျောင်းဆရာအဖြစ် အလုပ်လျှောက်ခဲ့တာ သည် တစ်ကြိမ်နှင့်ဆို ၅ ခါရှိပြီ။ အမြဲတိုင်းလည်း အပယ်ခံခဲ့ရသည် ။ အောင်ထက် ဇွဲလျော့မည် မဟုတ်။ နောက်ထက် ကိုယ်ပိုင် ကျောင်းများကို အလုပ်ရရန် ခရီးဆက်ဦးမည် ဖြစ်သည် ။

အောင်ထက်သည် ဆိုင်ကယ်လေးစီးပြီး ကိုယ်ပိုင်ကျောင်းများ ၊ နာမည်ကြီး ကျူရှင်များ တစ်ကျောင်းဝင်၊ တစ်ကျောင်းထွက် စာသင်သည့် အလုပ်ရရန် လျှောက်သော်လည်း မည်သည့် ကျောင်းကမှ အောင်ထက်၏ အားနည်းချက်ကြောင့် အလုပ်မခန့်ခဲ့ပေ။

ယခု အောင်ထက်"SUCCESS" ဆိုသည့် ကိုယ်ပိုင် အထက်တန်းကျောင်းမှာ စသင်သည့် အလုပ်ရရန် ကျောင်းအုပ်ဆရာမကြီးနှင့် တွေ့ဆုံပြန်သည် ။

"ဆရာ ... ထိုင်ပါ"

"ဟုတ်ကဲ့ ... ဂီး ... ဂီး"

အောင်ထက် စကားစပြော လိုက်သည် နှင့် သူ၏ အကြောဆွဲ အကျင့်က စတင်လိုက်သည် ။ ကျောင်းအုပ် ဆရာမကြီးက စိတ်ဝင်တစားမေးလိုက်သည် ။ အောင်ထက်လည်း စိတ်ရှည်စွာဖြင့် အကြောဆွဲရောဂါ အကြောင်း ရှင်းပြသည် ။ ထို့နောက် ကျောင်းအုပ် ဆရာမကြီးက အံ့အားသင့် ပြောသည် ။

"အကြောဆွဲ ရောဂါနဲ့ ရထားတဲ့ ဘွဲ့က အံ့မခန်းစရာပါ။ ဆရာ စာသင်ချင်စိတ် ဖြစ်လာအောင် ဘယ်သူက လမ်းညွှန်ပြသမှုတွေ ပေးပါသလဲ ..."

"ဟုတ်ကဲ့ ကျွန်တော်တို့လို အကြောဆွဲ ရောဂါသည် အတွက် စိတ်ဓာတ် မကျအောင်၊ ပညာတွေ သင်ခွင့်ရအောင် လမ်းညွှန်မှုပေးတဲ့ ဆရာဦးချစ်မောင် ခေါ် ဆရာချစ်ကြောင့်ပါဗျာ"

ကျောင်းအုပ် ဆရာမကြီးက အောင်ထက်၏ ဖြေကြားချက်ကို သဘောကြသော်လည်း ကျောင်းအတွက် အဆင်မပြေနိုင်၍ ငြင်းပယ်ခံလိုက်သည် ။

"ဝမ်းနည်းပါတယ် ဆရာ ကျွန်မတို့ ကျောင်းက ကလေးတွေ အတွက် မဖြစ်နိုင်ပါဘူး ..."

"ဟုတ်ကဲ့ပါ။ ဒါပေမဲ့ တစ်ခုတော့ ပြောပါရစေ။ ဒီကျောင်းမှာ လမ်းညွှန်မှုကောင်းတဲ့ ၊ ဉာဏ်အမြော်အမြင် ရှိတဲ့ ကျောင်းအုပ်ဆရာ အသစ်ပြောင်း သင့်နေပါပြီ"

အောင်ထက်သည် အေးအေးလူလူ အပြုံးမပျက် လှည့်ထွက် လာခဲ့သည် ။ ကျောင်းအုပ် ဆရာမကြီးက မျက်မှောင်ကုတ်၍ မကျေမနပ်ဟန်ဖြင့် ကျန်ခဲ့သည် ။ အောင်ထက်သည် တတ်ကြွလန်းဆန်စွာ ကျောင်းထဲမှာ ဆင်းလာခဲ့သည် ။

ဆိုင်ကယ်နား အရောက် နာရီလေးကို ကြည့်ရာ (၄)နာရီထိုးနေသဖြင့် အိမ်ကို တန်းပြန်ခဲ့သည် ။ သည် ။ ဒီနေ့ အလုပ်လျှောက် အဆင်မပြေသော်လည်း နောက်နေ့ ထပ်လျှောက်ရန် အောင်ထက် စိတ်ဓာတ်မကျပဲ အိမ်သို့ ပျော်ရွှင်စွာ ပြန်လာခဲ့သည် ။ ခြံဝန်းက ကျယ်ကျယ်၊ နှစ်ထပ်တိုက် အိမ်ကြီးထဲသို့ အောင်ထက် ဆိုင်ကယ်ကို မောင်းနှင် ဝင်ရောက်လာသည် ။ အိမ်ရှေ့၌ မိခင်ဖြစ်သူ ဒေါ်ခင်ကျော့နှင့် ညီမလေး ကြည်ဖြူက နွေးထွေးစွာ ကြိုဆိုနေသည် ။

"အစ်ကိုကြီး အဆင်ပြေလား"

"ဂီး ... ဂီး လျှောက်တော့လျှောက်ခဲ့တာပဲ ..."

နွေထွေးစွာ ကြိုဆိုသော မိခင်နှင့် ညီမလေးကို ဖက်ကာ အိမ်ထဲသို့ ဝင်လာခဲ့သည် ။

"သား အမောဖြေဦး၊ သမီး ... အစ်ကိုကြီးအတွက် ရေအေးအေး လေး တစ်ခွက် အမြန်"

ကြည်ဖြူက ခက်သုတ်သုတ် ရေခပ်ရန် ထမင်းစားခန်းသို့ ထွက်သွားသည် ။ ဒေါ်ခင်ကျော့က သားလေးအောင်ထက် ပင်ပန်းတာ ကို ကြည့်ပြီး စိတ်မကောင်း ဖြစ်သော်လည်း သားစိတ်ချမ်းသာဖို့ အား ပေး နှစ်သိမ့်နေရသည် ။

"သား ပင်ပန်းနေပြီလား"

"မပင်ပန်းပါဘူး အမေရယ် ... ဂီး ... ဂီး၊သား ဝါသနာပါတဲ့ စာသင် တဲ့ အလုပ်ရဖို့ ၊ ကလေးတွေကို အကောင်းဆုံး ဖြစ်အောင် ဆရာတစ် ယောက်ရဲ့ မှော်အတတ်နဲ့ ဖန်တီးပေးချင်တာ ... ဂီးဂီး"

ကြည်ဖြူ ခပ်လာသည့်ရေကို အောင်ထက် ခြောက်သွေ့ ဆာလောင် နေသည့် ခံတွင်းထဲသို့ လောင်းချ လိုက်သည် ။

"အစ်ကိုကြီး ခဏနေရေချိုး ထမင်းစားမယ်နော် ..."

"ဂီး ... ဂီး ok"

မိခင်ဖြစ်သူ ဒေါ်ခင်ကျော့က အောင်ထက် လက်ကလေးကို ခပ်ဖွဖွ ကိုင်လိုက်ကာ စကားပြောရန် အားယူနေသည် ။

"အမေ ... သား ကို ဘာပြောမလို့ လဲ၊ ပြောစရာ ရှိတာ ပြောပါ"

ဒေါ်ခင်ကျော့ သားစိတ်ညစ်မှာ စိုးရ၍ မပြောချင်သော်လည်း ပြောလို

က်သည် ။

"သားအဖေ မနက်ဖြန် အိမ်ပြန် ရောက်မယ်။ အမေတို့ ရပ်ကွက်က ကျောင်းမှာ ကျောင်းအုပ်

အဖြစ် ပြောင်းလာရမှာ ..."

အောင်ထက် ရင်ထဲနင့်ခနဲ ခံစားလိုက်ရသည် ။ မျက်ရည်ဝဲ လာပြီး တွဲခိုလိမ့်ကျ လာသည် ။ စိတ်ပျက် ဝမ်းနည်းစွာ ကျလာသည့် မျက်ရည်များကို လက်ဖဝါး နှစ်ဖက်ဖြင့် အုပ်လိုက်သည် ။

"အမေ အဖေက သားစာသင်ချင်တဲ့ အလုပ်ကို တားတော့မယ်။ ပြီးတော့ အခြားအလုပ်ကို မရမက ပြောင်းလုပ် ခိုင်းတော့မှာ ...။ သားစိတ်ညစ်တယ် ... ဂီး ... ဂီး၊ သားဘယ်လို လုပ်ရမလဲ ... ဂီး ... ဂီး၊ သား စာပဲ သင်ချင်တယ်။ သားစာသင်လို့ ရအောင် အမေ ဝိုင်းပြောပေးပါ ... ဂီး ... ဂီး"

အောင်ထက် တရှုံ့ရှုံ့ ငိုနေသည် ။ ဖခင်ဖြစ်သူ ကျောင်းအုပ်ဆရာကြီး ဦးရဲမာန်က သားဖြစ်သူ၏ ရောဂါကြောင့် ကျောင်းဆရာ အလုပ်ကို အမျိုးမျိုး ကန့်ကွက်ခဲ့သည် ။ အောင်ထက် ဆယ်တန်းအောင်၍ ပညာရေးကောလိပ် တတ်ချင်သော်လည်း ရောဂါကြောင့် မတက်ရ။ ဖခင်ကလည်း ပြင်းပြင်းထန်ထန် ကန့်ကွက်ကာ စီးပွားရေး တက္ကသိုလ် တက်ခိုင်းခဲ့သည် ။

အောင်ထက် ဖခင်စကား နားထောင်ပြီး ကျောင်းဆက် တက်ခဲ့သော်လည်း ကျောင်းပြီးသည် နှင့် ကိုယ်ပိုင် ကျောင်းများမှာ ပဲ ဖြစ်ဖြစ်၊ ပရဟိတပဲ ဖြစ်ဖြစ် စာသင်သည့် အလုပ်လျှောက်ရန် ရည်ရွယ်ခဲ့သည် ။

အောင်ထက်သည် ညအိပ်လို့ တော့ ပျော်မည် မဟုတ်ချေ။ မနက်ဖြ

နိ် ဖခင်ဖြစ်သူက အလုပ်အတွက် မည်သို့ အမိန့်ချမည်နည်း။ မည်သို့ စီစဉ်ဦးမည်နည်း။ မေးခွန်ပေါင်း မြောက်မြားစွာဖြင့် အောင်ထက် ရှုပ်ထွေးနေသည် ။

***

# အခန်း(၂)

အောင်ထက်သည် ကျောင်းအုပ်ကြီး ရုံးခန်းရှေ့ရှိ ထိုင်ခုံ၌ ထိုင်နေ၏ ။ မိခင်ဖြစ်သူ ဒေါ်ခင်ကျော့သည် ကျောင်းအုပ်ကြီး ခေါ်ထားသဖြင့် တွေ့ဆုံစကား ပြောနေသည် ။ ကျောင်းအုပ် ဆရာကြီးက ကျောင်းထွက် လက်မှတ်နှင့်အတူ အခြားကျောင်း ပြောင်းရန် ပြောသည် ။

ဒေါ်ခင်ကျော့က သားလေးအတွက် ခခယယ ကျောင်းမထွက်ရရန် တောင်းပန်သော်လည်း ငြင်းပယ် ခံလိုက်ရသည် ။ ဒေါ်ခင်ကျော့မှ မသန်စွမ်းသည့် သားအတွက် ရင်ထဲမှာ နင့်နေအောင် ခံစားနေရသည် ။ ကျောင်းအုပ်ကြီး ပေးလိုက်သည့် ကျောင်းထွက် လက်မှတ်လေး ကိုင်၍ ငိုချင်သော်လည်း အံကြိတ်ကာ ထွက်လာခဲ့သည် ။ ကျောင်းအခန်းဝရှေ့ ရောက်သည် နှင့် အောင်ထက်က သနားစရာ မျက်ဝန်းတစ်စုံနှင့် မိခင်ကို မော့ကြည့်လျက် ...

"မေမေ ... သားတို့ ကျောင်းပြောင်း ရဦးမှာ လား ..."

ဒေါ်ခင်ကျော့သည် သား၏ မေးခွန်းကို မည်သို့ဖြေရမည်မသိ။ သားဖြစ်သူကိုသာ ဖက်ငိုရ၍ နေလေ၏။ ခဏအကြာ သားမိနှစ်ယောက် လမ်းကြောင်း ပျောက်သလို ခံစားချက်မဲ့၊ မျှော်လင့်ချက်မဲ့ စွာဖြင့် အိမ်သို့ ပြန်သွားသည် ။ ဒေါ်ခင်ကျော့ သားအတွက် ရင်မအေးနိုင်ပေ။ သား

ကို နောက်ထပ် ကျောင်းပြောင်းရန် အတွက် ခင်ပွန်းဖြစ်သူ ဦးရဲမာန်ကို တိုင်ပင်ရဦးမည်။

***